+၂၀၀၄
အောက်တိုဘာ
၅ ရက်

# ပြစ်မှုဆိုင်ရာ အယူခံမှု

## တရားရုံးချုပ် တရားသူကြီးဦးကျော်ဝင်း၏ရှေ့တွင်

### ပြည်ထောင်စုမြန်မာနိုင်ငံတော်
### နှင့်
### မောင်မောင်တိုး*

**သိမ်းဆည်းရမိသောဖင်စီဒိုင်းဆေးရည်တွင်မူးယစ်ဆေးဝါးပါဝင်မှု ရာခိုင်နှုန်းအတိအကျမသတ်မှတ်နိုင်ပါကအဆိုပါဆေးရည်ကို မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်နိုင်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ဓာတုဗေဒ ပြန်ကြားစာအရ သက်သေခံရမ်အရက်ပုလင်းများ အတွင်းမှ ဖင်ဆီဒိုင်းဆေးရည် (၅) မီလီလီတာခန့်တွင် ကိုဒင်းစမ်းသပ် တွေ့ရှိရသည်ဟု ပြန်ကြားခြင်းမှာ ၁၉၉၃-ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) အရ ပြစ်ဒဏ်စီရင်ရန် မလုံလောက်ခြင်း။

**ထပ်မံဆုံးဖြတ်ချက်။** ။ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၃/၂၀၀၂ အပိုဒ် ၄(က) အရ ဖင်ဆီဒိုင်း ဆေးရည်တစ်ယူနစ် (၁) မီလီလီတာ၏ အလေးချိန်တွင် ၁၀၀ မီလီဂရမ်ထက် မပိုသည့်အပြင် မူရင်းဆေးဝါးစုစည်းပါဝင်မှုမှာ (၂. ၅) ရာခိုင်နှုန်းထက် မပိုသော ဆေးဝါးများကို မူးယစ်ဆေးဝါး အဖြစ်မှ ကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်၍ မူရင်းဆေးဝါးစုစည်းပါဝင် မှု ရာခိုင်နှုန်းစစ်ဆေးရန် မလုံလောက်လျှင် ၁၉၉၃-ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ

---

*၂၀၀၄-ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၅။

+၂၀၀၃-ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၈ တွင် ချမှတ်သော ၄-၉-၂၀၀၃ ရက် နေ့စွဲပါ ကလေးမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

စေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) ဖြင့် ပြစ်မှု ထင်ရှားစီရင်ရန် သင့်မည်မဟုတ်ပေ။



အယူခံတရားလိုအတွက် ဦးလှသိန်း၊
ဒုတိယ ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံးခွဲ၊
မန္တလေးမြို့။

အယူခံတရားခံအတွက် ဦးစိုးဝင်း၊
တရားရုံးချုပ် ရှေ့နေ၊
(မလာ)။

ကလေးမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၄၈/၂၀၀၃ တွင် တရားခံမောင်မောင်တိုးအား ၁၉၉၃-ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) အရ စွဲချက်တင်ပြီး အမှုမှ အပြီး အပြတ်လွှတ်သည့် အမိန့်ကို နိုင်ငံတော်ကိုယ်စား ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေး ရုံးထိုင်) သို့ ဤအယူခံမှု ကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ၂၀-၁၂-၂၀၀၂ ရက်နေ့ (၁၃း၀၀) နာရီ အချိန်ခန့်တွင် ကလေးမြို့နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့နှင့် မူးယစ် (အထူး) တပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့သည် သတင်းအရ ကလေးမြို့၊ အောင်မင်္ဂလာ ရပ်ကွက်၊ ဘုရင့်နောင်လမ်း နေမောင်မောင်တိုး၏ နေအိမ်အား သွားရောက်ရှာဖွေရာ မောင်မောင်တိုးအိပ်ခန်းအတွင်းမှ အိန္ဒိယနိုင်ငံလုပ် ဖင်ဆီဒိုင်း အရည် (၅) မီလီလီတာခန့် ပါဝင်သော (မန္တလေးရမ်) လေးထောင့်ပုလင်း ၁-လုံး၊ ၎င်းအရည်ကပ်လျက် ရမ်ပုလင်း ၁-လုံး၊ ဖင်ဆီဒိုင်းတံဆိပ်ပါ အရည်ကပ်လျက် ပုလင်းခွံ ၅-လုံး တို့ကို တွေ့ရှိသဖြင့် မောင်မောင်တိုးအား အရေးယူပေးရန် ဒုရဲအုပ်အောင်သန်းဦးက တရားလိုပြုလုပ်၍ ကလေး မြို့နယ် ရဲစခန်းတွင် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ဤအယူခံမှုကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က

၂၀၀၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
မောင်မောင်တိုး

၂၂-၃-၂၀၀၄ နေ့တွင် ကြားနာပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၈ အရ နောက်ထပ်သက်သေခံချက်ရယူရန် ညွှန်ကြားခဲ့သည်။ မူလမြို့နယ်တရားရုံးက နောက်ထပ်သက်သေခံချက်ရယူပြီးတင်ပြလာသဖြင့် ပြန်လည်ကြားနာသော အမှုဖြစ်သည်။

နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ၊ ဒုတိယ ညွှန်ကြားရေးမှူးက တရားခံ မောင်မောင်တိုး၏ နေအိမ်ခန်းအတွင်းမှ သက်သေခံ ဖင်ဆီဒိုင်းဆေးရည် ၅-မီလီလီတာပါ လေးထောင့် မန္တလေး ရမ်ပုလင်း ၁-လုံး၊ ဆေးရည်များကပ်လျက် မန္တလေး ရမ်ပုလင်း ၁-လုံး၊ ဖင်ဆီဒိုင်းဆေးရည်ကပ်နေသော ဖင်ဆီဒိုင်းဆေးပုလင်းခွံ ၅-လုံးကို တွေ့ရကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့် ကြော်ငြာစာ ၃/၂၀၀၂ အပိုဒ် ၄ (က) အရ ကိုဒင်း CODEINE ပါဝင် သော ဆေးရည် (သောက်ဆေး) နှင့် စပ်လျဉ်း၍ ထိုသောက်ဆေး ၏တစ်ယူနစ် (လက်ဖက်ရည်ဇွန်းတစ်ဇွန်း)တွင် မူရင်း ဆေးဝါးဖြစ်သော ကိုဒင်း CODEINE စုစည်းပါဝင်မှုမှာ (၂. ၅) ရာခိုင်နှုန်းထက် ပိုမို၍ပါရှိကြောင်း အထောက်အထား လိုအပ်ကြောင်း၊ သက်သေခံဆေးရည်အား ဓာတုဗေဒစစ်ဆေးရေးဌာနသို့ပေးပို့စစ်ဆေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၈ အရ ညွှန်ကြားသဖြင့် ထပ်မံ၍ စစ်ဆေးခဲ့ရာ သက်သေခံ (မ) ပြန်ကြားစာအရ ပေးပို့သော ဆေးရည်မှာ (၃) မီလီလီတာသာရှိသဖြင့် ရာခိုင်နှုန်းစစ်ဆေးရန် မလုံလောက်ကြောင်း၊ သို့ဖြစ်ရာ သက်သေခံဖင်ဆီဒိုင်းဆေးရည်တွင် ဆေးရည် (၁) ယူနစ်၌ ကိုဒင်း CODEINE ဖွဲ့စည်းပါဝင်မှု (၂. ၅) ရာခိုင်နှုန်းထက် ပို၍ပါဝင်ကြောင်း၊ သက်သေထင်ရှားမပြနိုင်ကြောင်း ပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ သင့်လျော်သော အမိန့်ချမှတ်သင့်ကြောင်း လျှောက်ထားသည်။

အယူခံတရားခံ၏ ရှေ့နေဦးစိုးဝင်းသည် အမှုကို လာရောက်လျှောက်လဲခြင်း မရှိချေ။

မူလရုံးအမှုတွဲကို စိစစ်ကြည့်ရှုရာတွင် အချင်းဖြစ်စဉ်က နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ် (အထူး) တပ်ဖွဲ့ဝင်များ၊ နယ်မြေ ရ-ယ-က သက်သေ လူကြီးများသည်

၂၀၀၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
မောင်မောင်တိုး

သတင်းအရ မောင်မောင်တိုး၏ နေအိမ် အား ဝင်ရောက်ရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်း အတွင်းမှ အိန္ဒိယနိုင်ငံလုပ် ဖင်ဆီဒိုင်းဆေးရည် (၅) မီလီလီတာခန့်ပါသော မန္တလေးရမ် လေးထောင့်ပုလင်း ၁-လုံး၊ ဖင်ဆီဒိုင်းအရည်ကပ်လျက်ရမ်ပုလင်း ၁-လုံး၊ ဖင်ဆီဒိုင်းဆေးရည်ကပ်လျက် ပုလင်းခွံ ၅-လုံးတို့ကို ရှာဖွေတွေ့ရှိရကြောင်း၊ အဆိုပါသက်သေခံ ပစ္စည်းများအား သက်သေခံ (ဂ) ရှာဖွေပုံစံတွင် တရားခံ မောင်မောင်တိုးက လက်မှတ်ရေးထိုး၍ ပေးအပ်ခဲ့သည်။ ယင်းသို့ ပေးအပ်သောပစ္စည်းများ၌ ကိုဒင်းစမ်းသပ်တွေ့ရှိရကြောင်း ဓာတုဗေဒပြန်ကြားစာ သက်သေခံ (ဈ) တွင် ဖော်ပြထားပြီး ၂၉-၇-၂၀၀၂ ရက်စွဲပါ ကျန်းမာရေးဝန်ကြီး ဌာန၏ အမိန့် ကြော်ငြာစာအမှတ် ၃/၂၀၀၂ ပါ ညွှန်ကြားစာနှင့်အညီ ဆေးဝါးစုစည်းပါဝင်မှုရာခိုင်နှုန်းကို ဖော်ပြထားခြင်း မရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဓာတုဗေဒ စစ်ဆေးရေးဌာနခွဲသို့ ယင်းအချက်ကို မေးမြန်းပြီး ပြန်ကြားချက်ရရှိပါက ပြန်လည်တင်ပြရန် တရားရုံးချုပ်က မူလမြို့နယ်တရားရုံးအား ညွှန်ကြားခဲ့သည်။ မူလမြို့နယ်တရားရုံးသည် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ သက်သေခံဖင်ဆီဒိုင်းဆေးရည်နှင့်စပ်လျဉ်း၍ ပြန်လည်စစ်ဆေး စေခဲ့သည်။ ယင်းဌာန၏ ၂၁-၅-၂၀၀၄ ရက်စွဲပါ သက်သေခံ (ဋ) ပြန်ကြားစာကို ရဲအုပ်အောင်ကျော်မြင့် (လိုပြ-ဂ) အားစစ်ဆေးပြီးနောက် ပြန်လည်တင်ပြလာပါသည်။

သက်သေခံ (ဋ) ပြန်ကြားစာတွင် အောက်ပါ အတိုင်း ဖော်ပြထားသည် -

> "သက်သေခံပစ္စည်းအမှတ် (က) ပါ အညိုရောင် အရည်မှာ (၃) ml ခန့်သာ ကျန်ရှိခြင်း၊ အမှတ်(ခ) မှာ အရည်ကပ်လျက်သာ ရှိခြင်း၊ အမှတ်(ဂ-၁) မှ (ဂ-၅) ထိမှာ အရည်ကပ်လျက် ပုလင်းခွံ ၅-လုံးသာ ဖြစ်ခြင်း တို့ကြောင့် ရာခိုင်နှုန်းစစ်ဆေးရန် မလိုလောက်ပါ"

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ အရ ကိုဒင်းဆေးရည်နှင့် ပတ်သက်၍ ပါဝင်သောရာခိုင်နှုန်းကို အတိအကျ သတ်မှတ်

၂၀၀၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
မောင်မောင်တိုး

ထားသည်။ ယခုအမှုဖြစ်ပွားသောနေ့မှာ ၂၁-၁၂-၂၀၀၂ နေ့ဖြစ်သဖြင့် အဆိုပါညွှန်ကြားချက် အမှတ် ၃/၂၀၀၂ နှင့် အကျုံးဝင်သည်။ ကျန်းမာရေး ဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃/၂၀၀၂ အပိုဒ် ၄(က) အရ ဖင်ဆီဒိုင်းဆေးရည် တစ်ယူနစ် (၁-မီလီလီတာ) ၏ အလေးချိန်တွင် ၁၀၀ မီလီဂရမ်ထက် မပိုသည့်အပြင် မူရင်း ဆေးဝါးစုစည်းပါဝင်မှုမှာ (၂. ၅) ရာခိုင်နှုန်းထက် မပိုသော ဆေးဝါးများကို မူးယစ်ဆေးဝါးအဖြစ်မှ ကင်းလွတ်ခွင့်ပြုထား သည်။ ယခုအမှုတွင် ကိုဒင်းဖွဲ့စည်းပါဝင်မှု (၂. ၅) ရာခိုင်နှုန်း ထက် ပိုမိုကြောင်း သက်သေခံ (ဌ) ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာအရ သက်သေထင်ရှားတင်ပြနိုင်ခြင်း မရှိပေ။

သို့ဖြစ်ရာ တရားခံမောင်မောင်တိုး နေအိမ်မှ သိမ်းဆည်းရ မိသောသက်သေခံပစ္စည်းများသည်မူးယစ်ဆေးဝါးများဖြစ်ကြောင်း မထင်ရှားသဖြင့် တရားခံမောင်မောင်တိုးအား မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု ဖြင့်ပြစ်မှုထင်ရှားစီရင်ရန်သင့်မည်မဟုတ်ပေ။

ဤအမှုတွင် မှတ်ချက်ပြုလိုသည်မှာ မူလမြို့နယ် တရားရုံး သည် တရားခံမောင်မောင်တိုးအား အမှုမှ အပြီးအပြတ် လွှတ်ရာတွင် အထက်၌ သုံးသပ်ဖော်ပြခဲ့သော ဥပဒေအချက် အလက်များကို ဖော်ထုတ်ဆုံးဖြတ်နိုင်ခဲ့ခြင်း မရှိဘဲ လွန်ခဲ့သည့် ၁၉၈၆-ခုနှစ်ကပင် ကွယ်လွန်ခဲ့ပြီးသော တရားခံ၏ ဖခင်ဖြစ်သူ သုံးစွဲခဲ့သောပစ္စည်းသာဖြစ်သည် ဟူသော တရားခံ ၏ထုချေချက် ကို လွယ်လင့်တကူ လက်ခံပြီး တရားခံအားအမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းအကြောင်းပြချက်မှာ ခိုင်လုံမှုမရှိချေ။

သို့ဖြစ်၍ ဤရုံးအနေဖြင့် မူလမြို့နယ်တရားရုံးက တရားခံ အားအမှုမှအပြီးအပြတ်လွှတ်ရာတွင်ဖော်ပြထားသည့်အကြောင်း ပြချက်ကို လက်မခံနိုင်ပေ။ သို့ရာတွင် အထက်တွင် သုံးသပ်ဖော် ပြခဲ့သော ဥပဒေအချက် အလက် အရ တရားခံမောင်မောင်တိုး အား အမှုမှ အပြီး အပြတ်လွှတ် သော မူလမြို့နယ် တရားရုံး၏ အမိန့် ကို အတည်ပြုပြီး ဤ အယူခံမှုကို ပလပ်လိုက်သည်။